# အပြန်အလှန်ဖတ်ရန်

# ကျမ်းချက်များ

# Responsive Readings

# Table of Contents မာတိကာ


၆း ဘုရားသခင်၏ကွယ်ကာစောင်မခြင်း ........................................ 1

၈း ဘုရားသခင်၏လက်ယာတော် ........................................ 3

၁၄း မှန်ကန်သောကိုးကွယ်ခြင်း ........................................ 5

၁၅း သခင်ဘုရား၌ယုံကြည်ကိုးစားလော့ ........................................ 8

၁၉း ကျွန်ုပ်တို့၏မိတ်ဆွေခရစ်တော် ........................................ 9

၂၃း အသက်တာ၌ ဘုရားသခင်ကို ဦးစွာထားခြင်း ........................................ 11

၂၆း မျက်မှောက်တော်အောက်တွင် ........................................ 13

ကာလအစဉ်အမြဲ နေတတ်သောအလေ့အထ ........................................ 13

၃၁း ငါတို့ခိုလှုံရာဖြစ်တော်မူသောထာဝရဘုရား ........................................ 15

၃၃ နေ့စဉ်အသက်ရှင်ခြင်း၏လက္ခဏာများ ........................................ 17

၃၄း ယုံကြည်ခြင်း၏ပြည့်စုံခြင်း ........................................ 19

၃၉း ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ထံသို့ ပို့သောလမ်းခရီးဖြစ်၏ ........................................ 21

၄၂း သခင်ဘုရား၌စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ခြင်း ........................................ 23

၄၃း ထာဝရဘုရားကို မျှော်လင့်လျက်နေလော့ ........................................ 25

၄၅း ထာဝရဘုရား၏အိမ်တော် ........................................ 27

၄၆း သီလနှင့်ပြည့်စုံသောမိန်းမ ........................................ 29

၄၈း ခရစ်ယာန်တို့၏လက်နက်စုံ ........................................ 31

၅၂း ပညတ်တော်များ ........................................ 33

# ၆း ဘုရားသခင်၏ကွယ်ကာစောင့်မခြင်း

ဆာလံ ၁၂၁၊ ၁၂၃

ငါ့ကိုမစခြင်း အကြောင်းသည် ပေါ်ထွက်ရသော တောင်ရိုးသို့ ငါမျှော်ကြည့်၏။

**ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရား ထံတော်မှ ငါ့ကို မ စခြင်း အကြောင်းသည် ပေါ်ထွက်ရ၏။**

သင်၏ခြေကို ချော်စေခြင်းငှာ အခွင့် ပေးတော်မမူ။ သင့်ကိုစောင့်သော သူသည် အိပ်တော်မမူ။

**အကယ်စင်စစ် ဣသရေလ အမျိုးကို စောင့်သော သူသည် ငိုက်မျည်း အိပ်ပျော်ခြင်း ရှိတော် မမူ။**

ထာဝရ ဘုရားသည် သင့်ကို စောင့်တော်မူ၏။ ထာဝရ ဘုရားသည် သင်၏ လက်ယာဘက်၌ ရှိသော သင်ခိုလှုံရာ အရိပ် ဖြစ်တော်မူ၏။

**နေ့အချိန်၌ နေအားဖြင့်လည်းကောင်း၊ ညဉ့်အချိန်၌ လအားဖြင့်လည်းကောင်း အထိအခိုက် မရှိရာ။**

ထာဝရဘုရားသည် မကောင်းသော အမှုအရာ အလုံးစုံတို့ကို ကွယ်ကာ၍ သင်၏ အသက်ကို စောင့်တော် မူလိမ့်မည်။

**ထာဝရဘုရားသည် သင်၏ ထွက်ခြင်းနှင့် ဝင်ခြင်းတို့ကို ယခုမှစ၍ အစဉ်မပြတ် စောင့်တော် မူလိမ့်မည်။**

ကောင်းကင်ဘုံ၌ ကိန်းဝပ်တော် မူသောဘုရား၊ ကိုယ်တော်ကို အကျွန်ုပ် မျှော်ကြည့်ပါ၏။

**ကျွန်ုပ်တို့သည် သခင်လက်ကို လည်းကောင်း၊ ကျွန်မတို့သည် သခင်မ လက်ကို လည်းကောင်း မျှော်ကြည့်သည့်နည်းတူ၊ အကျွန်ုပ်တို့သည် ကယ်မ သနားတော်မူခြင်း ကျေးဇူးကို မခံမီတိုင်အောင်၊ အကျွန်ုပ်တို့၏ ဘုရားသခင် ထာဝရ ဘုရားကို  မျှော်ကြည့်လျက် နေကြပါ၏။**

အို ထာဝရဘုရား ကယ်မ သနားတော် မူပါ။ အကျွန်ုပ်တို့သည် အလွန် အရှက်ကွဲခြင်းကို ခံရပါသည်ဖြစ်၍ ကယ်မ သနားတော် မူပါ။

**မထီမဲ့မြင်ပြုသော သူတို့၏ ကဲ့ရဲ့ခြင်းကိုလည်းကောင်း၊ မာနကြီးသော သူတို့၏ အရှက် ခွဲခြင်းကို လည်းကောင်း၊ အကျွန်ုပ်တို့၏ ဝိညာဉ်သည် အလွန်ခံရပါ၏။**

၍

# ၈း ဘုရားသခင်၏လက်ယာတော်

ဆာလံ ၁၉

မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ကြားပြော၍၊ မိုးမျက်နှာကြက်သည် လက်တော်နှင့် လုပ်သောအရာများကို ပြသ၏။

**တနေ့ကိုတနေ့ မြွက်ဆို၍ ၊ တညဥ့်ကိုတညဥ့် သွန်သင်၏။**

နှုတ်မြွက်ခြင်း၊ စကားပြောခြင်းမရှိ၊ သူတို့၏ နှုတ်ထွက်သံကို မကြားရသော်လည်း၊

**သူတို့၏အသံသည် မြေတပြင်လုံး၌ နှံ့ပြား၍၊ သူတို့၏ စကားသည် မြေကြီး စွန်းတိုင်အောင် ရောက်လေ၏။**

မိုးကောင်းကင်တွင် နေဗိမာန်ကို ထားတော်မူသဖြင့်၊ နေသည် အိပ်ခန်းထဲက ထွက်လာသော မင်္ဂလာဆောင် လုလင်ကဲ့သို့ဖြစ်၍၊ ခွန်အားကြီးသော သူကဲ့သို့ မိမိသွားရာ လမ်းသို့ လိုက်ပြေးမည်ဟု ဝမ်းမြောက်လျက်၊

**မိုးကောင်းကင် တစွန်းမှထွက်လာ၍၊ တစွန်းတိုင်အောင် လှည့်ပတ်သောအားဖြင့်၊ သူ၏ အပူအရှိန်မှ ကွယ်လွတ်သောအရာ တစုံတခုမျှ မရှိ။**

ထာဝရဘုရား၏ တရားတော်သည် စုံလင်သည်ဖြစ်၍ စိတ်ဝိညာဉ်ကို ပြုပြင်တတ်၏။ ထာဝရဘုရား၏ သက်သေခံတော် မူချက်သည် ဟုတ်မှန်သည် ဖြစ်၍ မလိမ္မာသော သူတို့ကို လိမ္မာစေတတ်၏။

**ထာဝရဘုရား၏ နည်းဥပဒေသ တို့သည် ဖြောင့်မတ်သည် ဖြစ်၍ စိတ်နှလုံးကို ရွှင်လန်းစေတတ်၏။ ထာဝရဘုရား၏ ပညတ်တော်သည် စင်ကြယ်သည် ဖြစ်၍၊ မျက်စိကို ရှင်းလင်းစေတတ်၏။**

ထာဝရဘုရားကို ကြောက်ရွံ့ခြင်း သဘောသည် သန့်ရှင်းသည်ဖြစ်၍၊ ကာလ အစဉ်အမြဲတည်၏။
ထာဝရဘုရား၏ စီရင်တော်မူချက်တို့သည် သစ္စာတရားနှင့် ညီ၍၊
တညီတညွတ်တည်း ဖြောင့်မတ်ကြ၏။

**ရွှေထက်မက၊ များစွာသော ရွှေစင်ထက် နှစ်သက်ဖွယ် ဖြစ်၍၊ ပျားရည်ထက်မက၊ ပျားလပို့ထက် ချိုကြ၏။**

တရားတော်အားဖြင့် ကိုယ်တော်၏ ကျွန်သည် သတိရ၍၊ တရားစောင့်ခြင်း အကျိုးသည် ကြီးလှပါ၏။

**မိမိမှားယွင်းခြင်းကို အဘယ်သူသည် နားလည် နိုင်သနည်း။ မထင်ရှားသော ဒုစရိုက်အပြစ်နှင့် အကျွန်ုပ်ကို ကင်းစင်စေ၍၊**

ရဲရင့်သော ဒုစရိုက်ကိုလည်း ကိုယ်တော်၏ ကျွန်သည် မပြုရမည် အကြောင်း ဆီးတားတော်မူပါ။
ဒုစရိုက် အပြစ်သည် အကျွန်ုပ်ကို အစိုးမရ ပါစေနှင့်။ ထိုသို့သော အားဖြင့်
အကျွန်ုပ်သည် ဖြောင့်မတ်ခြင်းရှိ၍၊ ကြီးစွာသော ပြစ်မှားခြင်းနှင့် ကင်းလွတ် ပါလိမ့်မည်။

**အကျွန်ုပ်ပြောသော စကားနှင့် စိတ်နှလုံး၏ အကြံအစည်သည် ရှေ့တော်၌ နှစ်သက်ဖွယ် ဖြစ်ပါစေသော။ အိုထာဝရဘုရား၊ အကျွန်ုပ်၏ကျောက် အကျွန်ုပ်ကို ရွေးနုတ်တော်မူသော ဘုရား။**

၆၀

# ၁၄။ မှန်ကန်သောကိုးကွယ်ခြင်း

ယေ ၇း၃-၁၁၊ မိ ၆း၆-၈၊ ဟေရှာ ၁း၁-၁၈

ဣသရေလ အမျိုး၏ ဘုရားသခင်၊ ကောင်းကင် ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ သင်တို့ ဘာသာဓလေ့နှင့် သင်တို့ အကျင့်များတို့ကို ပြုပြင်ကြလော့။ သို့ပြုလျှင် သင်တို့ကို ဤအရပ်၌ ငါနေစေမည်။

**ဤသည်ကား၊ ထာဝရဘုရား၏ ဗိမာန်တော် ဖြစ်သတည်းဟု မုသားစကားကို ပြောဆိုသော သူတို့၌ မမှီဝဲကြနှင့်။**

သင်တို့ ဘာသာဓလေ့နှင့် သင်တို့ အကျင့်များကို စုံလင်စွာ ပြုပြင်လျှင်လည်းကောင်း၊ အမှုသည်ချင်း တို့ကို သေချာစွာ တရားသဖြင့် စီရင်လျှင်လည်းကောင်း၊

**ဧည့်သည် အာဂန္တု၊ မိဘမရှိသောသူငယ်၊ မုဆိုးမကို မညှဉ်းဆဲ၊ အပြစ်မရှိသောသူ၏ အသက်ကို ဤအရပ်၌ မသတ်၊ ကိုယ်အကျိုးကို ဖျက်၍ အခြား တပါးသော ဘုရားတို့ကို မချဉ်းကပ်ဘဲ နေလျှင် လည်းကောင်း၊**

သင်တို့ ဘိုးဘေးတို့အား၊ ငါသည် အစဉ်မပြတ် ပေးသောပြည် တည်းဟူသော ဤအရပ် ဌာန၌ သင်တို့ကို ငါနေစေမည်။

**အကျိုးမရှိဘဲ မုသားစကားကို ပြောသောသူတို့၌ သင်တို့သည် ခိုလှုံကြ၏။**

သင်တို့သည် သူ့ဥစ္စာကိုခိုးလျက် လူ့အသက်ကို သတ်လျက်၊ သူ့မယားကို ပြစ်မှားလျက်၊ မဟုတ်မမှန်ဘဲ ကျိန်ဆိုလျက်၊ ဗာလဘုရား ရှေ့၌ နံ့သာပေါင်းကို မီးရှို့လျက်၊ ကိုယ်မသိဖူးသော အခြားတပါးသော ဘုရားတို့နောက်သို့ လိုက်လျက်နှင့်။

**ငါ၏နာမဖြင့် သမုတ်သော ဤအိမ်တော်၌၊ ငါ့ရှေ့မှာဝင်၍ ရပ်လျက်၊ ဤရွံရှာဖွယ်သောအမှု အလုံးစုံတို့ကို ပြုသောကြောင့်၊ အကျွန်ုပ်တို့သည် ကယ်နှုတ်တော်မူခြင်း ကျေးဇူးတော်ကို ခံရပါပြီဟု လျှောက်ကြ ရမည်လော။**

ငါ၏နာမဖြင့် သမုတ်သော ဤအိမ်တော်ကို၊ သင်တို့သည် ဒမြတွင်းကဲ့သို့ ထင်ကြသလော။ ဤအမှုကို ငါကိုယ်တိုင် မြင်ပြီဟု ထာဝရဘုရား မိန့်တော်မူ၏။

**ငါသည် ထာဝရဘုရား ရှေ့တော်သို့ အဘယ်ပူဇော်သက္ကာ ပြုပါလျက် ချဉ်းကပ်၍၊ အမြင့်ဆုံးသော ဘုရားသခင် ရှေ့တော်၌ ကိုးကွယ်ရမည်နည်း။ မီးရှို့ရာယဇ်နှင့် အခါလည်သော နွားသူငယ်တို့ကို ဆောင်လျက် ချဉ်းကပ် ရမည်လော။**

ထာဝရဘုရားသည် သိုးထီးတထောင်၊ ဆီမြစ် တသောင်းကို အားရ နှစ်သက်တော် မူမည်လော။ ငါလွန်ကျူးခြင်း အတွက် ငါ၏ သားဦးကိုလည်းကောင်း၊ ငါ့စိတ်ဝိညာဉ်၏ အပြစ်အတွက် ငါ၏ ရင်သွေးကို လည်းကောင်း ပူဇော်ရမည်လော။

**အချင်းလူ၊ ကောင်းသောလမ်းကို ပြတော်မူပြီ။ တရားသဖြင့် ပြုခြင်း၊ ကရုဏာကို နှစ်သက်ခြင်း၊ သင်၏ဘုရားသခင် ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့် ကျင့်နေခြင်းမှတပါး အဘယ်ပူဇော်သက္ကာကို ထာဝရဘုရား တောင်းတော်မူသနည်း။**

ထာဝရဘုရား မိန့်တော်မူ သည်ကား၊ သင်တို့ ပူဇော်သော ယဇ်အများကို ငါသည် အဘယ်သို့ ဆိုင်သနည်း။ မီးရှို့၍ ပူဇော်သော သိုးကောင်၊ ဆူဖြိုးအောင်ကျွေးသော တိရိစ္ဆာန်တို့၏ ဆီဥနှင့် ငါဝပြီ။ နွားနှင့် သိုးသူငယ်၊ ဆိတ်တို့၏ အသွေးကို ငါမနှစ်သက်။

**သင်တို့သည် ငါ့ရှေ့မှာ မျက်နှာပြခြင်းငှာ လာကြသောအခါ ငါ့တန်တိုင်းတော်ကို ကျော်နင်းသော သင်တို့၌ ထိုသို့သော ဝတ်ကို အဘယ်သူ တောင်းသနည်း။**

အချည်းနှီးသောသူ ပူဇော်သက္ကာကို နောက်တဖန် မဆောင်ခဲ့ကြနှင့်။ သင်တို့ မီးရှို့သော နံ့သာပေါင်းကို ငါရွံရှာ၏။ လဆန်းနေ့၊ ဥပုသ်နေ့၊ ပရိသတ် စည်းဝေးသော နေ့ကိုလည်း ရွံရှာ၏။ အဓမ္မအမှုနှင့် ရောနှောသော ဓမ္မစည်းဝေးခြင်းတို့ကို သည်းမခံနိုင်။

**ငါ့ဝိညာဉ်သည် သင်တို့ လဆန်းနေ့များနှင့် သင်တို့ ပွဲများကိုမုန်း၏။ ငါ့ကို နောက်ယှက် စရာဖြစ်၏။ သည်းခံခြင်း အားဖြင့် ငါပင်ပန်း၏။**

သင်တို့သည် လက်ဝါးတို့ကို ဖြန့်ကြသောအခါ၊ ငါသည်မျက်စိကို လွှဲမည်၊ များစွာသော ပဌနာကို ပြုကြသောအခါ ငါသည် နားမထောင်။ သင်တို့ လက်တို့သည် အသွေးနှင့် ပြည့်ကြ၏။

**ကိုယ်ကိုကိုယ် ဆေးကြောကြလော့။ ကိုယ်ကိုကိုယ် စင်ကြယ်စေကြလော့။ သင်တို့ ဒုစရိုက်များကို ငါ့မျက်မှောက်မှ ပယ်ရှားကြလော့။ မကောင်းသော အကျင့်ကို ဖြတ်ကြလော့။**

ကောင်းသောအကျင့်ကို ကျင့်အံ့သောငှာ သင်ကြလော့၊ တရားသဖြင့် ပြုခြင်းငှာ ရှာကြံကြလော့။ ကောက်သော အရာကို ဖြောင့်စေကြလော့။ မိဘမရှိသော သူတို့အဖို့ တရားသဖြင့် စီရင်ကြလော့။ မုတ်ဆိုးမတို့၏ အမှုကို စောင့်ကြလော့။

**ထာဝရဘုရား မိန့်တော်မူသည်ကား၊ လာကြ။ တရားစီရင် ကြကုန်အံ့။ သင်တို့ အပြစ်သည် နီသောအဆင်း ရှိသော်လည်း၊ မိုးပွင့်ကဲ့သို့ ဖြူလိမ့်မည်။ ကတ္တီပါနီနှင့်အမျှ နီသော်လည်း၊ သိုးမွေးကဲ့သို့ ဖြစ်လိမ့်မည်။**

# ၁၅။ သခင်ဘုရား၌ယုံကြည်ကိုးစားလော့

သခင်ဘုရားကို ကြောက်ရွံ့ရှိသေသော သူတို့၊ လမ်းလွဲ၍ မလဲကျစိမ့်ငှာ၊ ကိုယ်တော်၏ သနားခြင်း ကရုဏာတော်ကို မျှော်လင့်တောင့်တ ကြကုန်။

**သခင်ဘုရားကို ကြောက်ရွံ့သောသူတို့၊ ခွန်အား ရှိသ၍ သခင်ဘုရား၌ ယုံကြည်ကိုးစား ကြလော့။ ထူးမြတ်သော ဆုကျေးဇူးသည်၊ သင်နှင့်မလွဲရပေ။**

သခင်ဘုရားကို ကြောက်ရွံ့ ရှိသေသောသူတို့၊ မွန်မြတ်သော ဆုကျေးဇူးတော်၊ ထာဝရ ပျော်မွေ့ခြင်းခွင့် ကရုဏာတော်ကို မျှော်လင့်တောင့်တ ကြလော့။

**ရှေးကာလက၊ ယုံကြည်ကြသောအမျိုး အစဉ်အဆက်တို့ကို ကြည့်ရှုကြလော့။ ဘုရားသခင်ကို ကိုးစားအားထား သူတို့သည်၊ ရှက်ကြောက်ဖွယ်အမှုများ တွေ့ကြုံခဲ့ပါ၏လော။**

ကိုယ်တော်ကို ကြောက်ရွံ့ရှိသေ သူတို့အား စွန့်ပစ်ထားခဲ့ ဖူးသလော။ ဆည်းဖူးချဉ်းကပ် သူတို့အား စွန့်ပစ်ထားခဲ့ ဖူးသလော။

**အဘယ်သို့ဆိုသော်၊ သခင်ဘုရားသည်၊ သနားခြင်း ကရုဏာနှင့် ကြွယ်ဝ၍၊ မေတ္တာတရားနှင့် ပြည့်ဝ သောကြောင့်၊ အပြစ်များကို ဖြေလွှတ်ဖြေရှင်း သည်သာမက၊ ဘေးဥပဒ်၊ ဒုက္ခ တွေ့ကြုံသည့် အထဲမှ၊ ကယ်နှုတ်တော်မူ၏။**

၈၀

# ၁၉း ကျွန်ုပ်တို့၏မိတ်ဆွေခရစ်တော်

ယော ၁၅း၁-၁၇

ငါသည် မှန်သောစပျစ်နွယ်ပင် ဖြစ်၏။ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့် ဖြစ်တော်မူ၏။

**ငါ၌အသီးမသီးသော အခက်ရှိသမျှတို့ကို ခုတ်ပစ်တော် မူ၏။ အသီးသီးသော အခက် ရှိသမျှတို့ကို သာ၍ သီးစေခြင်းငှာ သုတ်သင် ရှင်းလင်းတော်မူ၏။**

သင်တို့သည် ငါဟောပြောသော စကားအားဖြင့် ယခုပင် ရှင်းလင်းလျက် ရှိကြ၏။

**ငါ၌ တည်နေကြလော့။ ငါသည်လည်း သင်တို့၌ တည်နေမည်။ စပျစ်ခက်သည် အပင်၌ မတည်လျှင် ကိုယ်အလိုအလျောက် အသီးမသီးနိုင် သကဲ့သို့၊ သင်တို့သည် ငါ၌ မတည်လျှင် အသီး မသီးနိုင်ကြ။**

ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များ ဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏၊ ထိုသူသည် များစွာသော အသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှု ကိုမျှ မတတ်နိုင်ကြ။

**ငါ၌ မတည်သော သူသည် သွေ့ခြောက်သော အခက်ကဲ့သို့ ပြင်သို့ ပစ်လိုက်ခြင်းကို ခံရ၏။ ထိုသို့သော အခက်များကို လူတို့သည် စုသိမ်း၍ မီးထဲသို့ ချလိုက် ကြသဖြင့် မီးလောင်ခြင်းသို့ ရောက်ကြ၏။**

သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌ တည်လျှင်၊ သင်တို့သည် တောင်းချင်သမျှကို တောင်း၍ ရကြလိမ့်မည်။

**သင်တို့သည် များစွာသော အသီးကို သီးသော အားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍ သင်တို့ သည်လည်း ငါ၏ တပည့် မှန်ကြလိမ့်မည်။**

ခမည်းတော်သည် ငါ့ကို ချစ်တော်မူသကဲ့သို့ ငါသည် သင်တို့ကိုချစ်၏။ ငါ၏ချစ်ခြင်း မေတ္တာ၌ တည်နေကြလော့။

**ငါသည် ငါ့ခမည်းတော်၏ ပညတ်တို့ကို စောင့်ရှောက်၍ ခမည်းတော်၏ မေတ္တာ၌ တည်နေသကဲ့သို့၊ သင်တို့သည် ငါ့ပညတ်တို့ကို  စောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌ တည်နေ ကြလိမ့်မည်။**

သင်တို့၌ ငါဝမ်းမြောက်စရာ အကြောင်း တည်စေခြင်းငှာ လည်းကောင်း သင်တို့ ဝမ်းမြောက်စရာ အကြောင်း စုံလင်စေခြင်းငှာ လည်းကောင်း၊ ဤစကားကို သင်တို့အား ဟောပြော၏။

**ငါ့ပညတ် ဟူမူကား၊ ငါသည် သင်တို့ကို ချစ်သည် နည်းတူ၊ သင်တို့သည် အချင်းချင်း ချစ်ကြလော့။**

ကိုယ်အဆွေတို့ အဖို့ အလိုငှာ ကိုယ်အသက်ကို စွန့်ခြင်း မေတ္တာထက် သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ။

**သင်တို့သည် ငါပညတ် သမျှတို့ကို ကျင့်ဆောင်လျှင် ငါ၏အဆွေ ဖြစ်ကြ၏။**

ယခုမှစ၍ ငါသည် သင်တို့ကို ကျွန်ဟူ၍မခေါ်။ ကျွန်မူကား၊ ကိုယ်သခင် ပြုသောအမှုကို မသိ။ သင်တို့ကို အဆွေဟူ၍ ငါခေါ်၏။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံ၌ ကြားသမျှသော အရာတို့ကို သင်တို့အား ငါပြသ၏။

**သင်တို့သည် ငါ့ကိုရွေးကောက် ကြသည်မဟုတ်။ ငါသည် သင်တို့ကို ရွေးကောက်သဖြင့်၊ သင်တို့သည် သွား၍ တည်ကြည်သော အသီးကို သီးမည်အကြောင်းနှင့် ငါ့နာမကို အမှီပြု၍ခမည်းတော်မှာ တောင်းသမျှတို့ကို ရမည်အကြောင်း သင်တို့ကို ငါခန့်ထား၏။**

သင်တို့သည် အချင်းချင်း ချစ်စေခြင်းငှာ ဤပညတ်တို့ကို ငါပေး၏။

၈၁

## ၂၃။ အသက်တာ၌ ဘုရားသခင်ကို ဦးစွာထားခြင်း

မ ၆း၁-၃၂

လူများတို့ မြင်စေခြင်းငှာ ကိုယ်သီလ အကျင့်ကို သူ့ရှေ့မှောက်၌ မကျင့်မည် အကြောင်း သတိပြုကြလော့။ သို့မဟုတ် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့ အဘထံမှ အကျိုးကို မခံမရကြ။

**ထို့ကြောင့် သင်သည် အလှူဒါနကို ပေးသောအခါ လျှို့ဝှက်သော သူတို့သည် လူများ အချီးအမွမ်းကို ခံလို၍ ပွဲသဘင် လမ်းခရီး၌ မိမိတို့ရှေ့မှာ တံပိုးခရာ မှုတ်စေသည်နည်းတူ မပြုနှင့်။ ငါအမှန် ဆိုသည်ကား၊ ထိုသူတို့သည် မိမိတို့ အကျိုးကို ရကြပြီ။**

သင်သည် အလှူဒါနကို ပေးသောအခါ၊ ပေးကြောင်းကို မထင်ရှား စေခြင်းငှာ လက်ျာလက် ပြုသည်အမှုကို လက်ဝဲလက်မျှ မသိစေနှင့်။

**မထင်ရှားသော အရာကို မြင်တော်မူသော သင်၏ အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူလတံ့။**

သင်သည် ဆုတောင်းပဌနာ ပြုသောအခါ လျှို့ဝှက်သော သူတို့နည်းတူ မပြုနှင့်။ ထိုသူတို့သည် လူများတို့ရှေ့မှာ ထင်ရှားစေခြင်းငှာ၊ ပွဲသဘင် လမ်းဆုံလမ်းဝတို့၌ ရပ်လျက်ဆုတောင်းခြင်းငှာ အလိုရှိကြ၏။ ငါအမှန် ဆိုသည်ကား၊ ထိုသူတို့သည် မိမိတို့ အကျိုးကို ခံရကြ၏။

**သင်သည် ဆုတောင်းသောအခါ ဆိတ်ငြိမ်ရာ အခန်းသို့ ဝင်၍ တံခါးကို ပိတ်ပြီးမှ မထင်ရှားသော အရပ်၌ ရှိတော်မူသော သင်၏အဘကို ဆုတောင်းလော့။ မထင်ရှားသော အရာကို မြင်တော်မူသော သင်၏ အဘသည် အကျိုးကို ထင်ရှားစွာ ပေးတော်မူ လတံ့။**

သင်တို့သည် ဆုတောင်းသောအခါ သာသနာပ လူနည်းတူ အချည်းနှီးသော စကားဖြင့် အထပ်ထပ် မမြွက်ကြနှင့်။ ထိုသူတို့သည် များစွာသော စကားအားဖြင့် မိမိတို့အလို ပြည့်စုံမည်ဟု ထင်မှတ်ကြ၏။

**ထိုသူတို့ နည်းတူ မပြုကြနှင့်။ အကြောင်းမူကား၊ သင်တို့အလိုရှိ သမျှတို့ကို သင်တို့မတောင်းမီ သင်တို့အဘ သိတော်မူ၏။**

ထိုကြောင့် သင်တို့ ဆုတောင်းရမည်မှာ ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေ လေးမြတ်ခြင်း ရှိပါစေသော။

**နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။**

အသက် မွေးလောက်သော အစာကို အကျွန်ုပ်တို့အား ယနေ့ ပေးသနားတော်မူပါ။

**သူတပါးသည် အကျွန်ုပ်တို့ကို ပြစ်မှားသော အပြစ်များကို အကျွန်ုပ်တို့သည် လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏ အပြစ်များကို လွှတ်တော်မူပါ။**

ဆ

# ၂၆။ မျက်မှောက်တော်အောက်တွင် ကာလအစဉ်အမြဲ နေတတ်သောအလေ့အထ

ဆာ ၁၃၉း၁-၁၂၊ ၁၇-၁၈၊ ၂၃-၂၄

အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို စစ်ကြော၍သိတော်မူ၏။

**အကျွန်ုပ် ထိုင်ခြင်းထခြင်း အရာတို့ကို သိတော်မူ၏။**

အကျွန်ုပ် အကြံအစည်တို့ကို အဝေးကပင် နားလည် တော်မူ၏။

**အကျွန်ုပ်သွားသော လမ်းကိုလည်းကောင်း၊ အိပ်ရာကို လည်းကောင်း စစ်ဆေး၍၊ အကျွန်ုပ်ကျင့်သောအကျင့် အလုံးစုံတို့ကို ကျွမ်းတော်မူ၏။**

အကျွန်ုပ်သည် စကားတခွန်းကိုမျှ မမြွက်သော်လည်း၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် အကြွင်းမဲ့ သိတော်မူ၏။

**ကိုယ်တော်သည် အကျွန်ုပ်ကို ပတ်လည် ဝိုင်းထား၍၊ အကျွန်ုပ်အပေါ်မှာ လက်တော်ကို တင်တော်မူပြီ။**

ထိုသို့သောဉာဏ်သည် အံ့ဩဖွယ်ဖြစ်၍၊ အကျွန်ုပ် မတတ်နိုင်ပါ။ မြင့်မြတ်သည်ဖြစ်၍ အကျွန်ုပ် မမှီနိုင်ပါ။

**ဝိညာဉ်တော်နှင့် လွတ်ခြင်းအလို့ငှာ အဘယ်အရပ်သို့ သွားနိုင် ပါမည်နည်း။ မျက်နှာတော်နှင့် လွတ်ခြင်း အလို့ငှာ အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။**

ကောင်းကင်သို့ တက်လျှင် ကိုယ်တော်ရှိတော်မူ၏။ မရဏာနိုင်ငံ၌ အိပ်ရာကို ခင်းလျှင် ကိုယ်တော် ရှိတော်မူ၏။

**နံနက် အတောင်တို့ကို ယူ၍ သမုဒ္ဒရာစွန်း၌နေလျှင်-**



↑ မာတိကာ Table of contents

ထိုအရပ်၌ပင် ကိုယ်တော်၏ လက်သည်အကျွန်ုပ်ကို ပို့ဆောင်လျက်၊ လက်ယာလက်တော်သည် ကိုင်လျက် ရှိပါလိမ့်မည်။

**အကယ်၍ မှောင်မိုက်သည် ငါ့ကို ဖုံးလွှမ်းမည်ဟု တဖန်ဆိုလျှင်၊ ညဉ့်သည်လည်း အကျွန်ုပ် ပတ်ဝန်းကျင်၌ အလင်းဖြစ်ပါလိမ့်မည်။**

အကယ်စင်စစ် မှောင်မိုက်သည် ရှေ့တော်၌ အဘယ်အရာကိုမျှ မဖုံးနိုင်ပါ။ ညဉ့်သည် နေ့ကဲ့သို့ လင်းပါ၏။ မှောင်မိုက်သဘောနှင့် အလင်းသဘောသည်တူပါ၏။

**အိုဘုရားသခင်၊ အကျွန်ုပ်၌ ကိုယ်တော်၏ အကြံအစည်တို့သည် အလွန်ထူးဆန်း ကြပါ၏။ အလွန်များပြား ကြပါ၏။**

ထိုအကြံအစည် တော်တို့ကို ရေတွက်လျှင်၊ သဲလုံးနှင့်အမျှ မက သာ၍ များပြားကြပါ၏။ အကျွန်ုပ်သည် နိုးသောအခါ ကိုယ်တော်ထံ၌အစဉ်ရှိပါ၏။

**အိုဘုရားသခင်၊ အကျွန်ုပ်ကို စစ်ကြော၍၊ အကျွန်ုပ်၏ နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များ ကိုလည်း သိမှတ်တော်မူပါ။**

ဆိုးသောလမ်းသို့ အကျွန်ုပ် လိုက်သည် မလိုက်သည်ကို ကြည့်ရှု၍၊ ထာဝရ လမ်းထဲသို့ သွေးဆောင်တော်မူပါ။

၍

# ၃၁။ ငါတို့ခိုလှုံရာဖြစ်တော်မူသောထာဝရဘုရား

ဆာ ၄၆း၁-၁၁

ဘုရားသခင်သည် ငါတို့ ခိုလှုံရာဖြစ်၍၊ ခွန်အားကို ပေးတော်မူ၏။ ဘေးရောက်သည့်ကာလ အထူးသဖြင့် ကူမ တော်မူကြောင်း ထင်ရှားလျက်ရှိ၏။

**ထိုကြောင့် ပထဝီမြေကြီးသည် ရွေ့သွား၍ တောင်များ တုန်လှုပ်လျက် သမုဒ္ဒရာသို့ ကျသော်လည်း၊ ငါတို့သည် ကြောက်လန့်ခြင်းမရှိ။**

သမုဒ္ဒရာရေသည် ဟုန်းဟုန်းမြည်၍ မွှေနှောက် ပါလေစေ၊ လှိုင်းတံပိုးထသဖြင့်၊ တောင်များတုန်လှုပ် ပါလေစေ။

**မြစ်တမြစ် ရှိသေး၏။ ထိုမြစ်ရေသည် စီး၍ ဘုရားသခင်၏ မြို့တည်းဟူသော အမြင့်ဆုံးသော ဘုရား ကျိန်းဝပ်တော်မူရာ သန့်ရှင်းသော မြို့တော်ကို ရွှင်လန်းစေတတ်၏။**

ထိုမြို့သည် ဘုရားသခင် ကျိန်းဝပ်တော် မူရာဖြစ်၍ တုန်လှုပ်ခြင်းမရှိရာ၊ မိုးသောက်လင်းစ၌ ဘုရားသခင် ကူမ တော်မူလိမ့်မည်။

**လူမျိုးတို့သည် ဟုန်းဟုန်းမြည်ကြ၏။ တိုင်းနိုင်ငံတို့သည် လှုပ်ရှားကြ၏။ ဗျာဒိတ်သံကို လွှတ်တော်မူ၍ မြေကြီးသည် အရည်ဖြစ်လေ၏။**

ကောင်းကင် ဗိုလ်ခြေ အရှင် ထာဝရဘုရားသည် ငါတို့နှင့်အတူ ရှိတော်မူ၏။ ယာကုပ်အမျိုး၏ ဘုရားသခင်သည် ငါတို့ခိုလှုံရာ ဖြစ်တော်မူ၏။

**ထာဝရဘုရား စီရင်ပြုပြင်၍ မြေကြီးပေါ်မှာ သုတ်သင် ပယ်ရှင်းခြင်း အမှုတော်များကိုလာ၍ ကြည့်ရှုကြလော့။**

လေးကို ချိုးလျက်၊ လှံကို အပိုင်းပိုင်းဖြတ်လျက်၊ ရထားကို မီးရှို့လျက်၊ မြေကြီးစွန်း တိုင်အောင် စစ်မှုကို ငြိမ်းစေတော်မူ၏။

**ငြိမ်ဝပ်လျက် နေကြလော့။ ငါကား ဘုရားသခင် ဖြစ်သည်ဟု သိမှတ်ကြလော့။ လူမျိုးတို့တွင် ငါသည်ဘုန်းပွင့်မည်။ မြေကြီးပေါ်မှာ ဘုန်းပွင့်မည်။**

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည် ငါတို့နှင့် အတူရှိတော်မူ၏။ ယာကုပ်၏ ဘုရားသခင်သည် ငါတို့ခိုလှုံရာ ဖြစ်တော်မူ၏။

ဆ

# ၃၃ နေ့စဉ်အသက်ရှင်ခြင်း၏လက္ခဏာများ

ရော ၁၂း၁-၅၊ ၉-၁၈၊ ၂၁

ညီအစ်ကိုတို့ အသက်ရှင်ခြင်းလက္ခဏာ သန့်ရှင်းခြင်း လက္ခဏာ၊ ဘုရားသခင် နှစ်သက်တော်မူဖွယ်သော လက္ခဏာနှင့်ပြည့်စုံသော ယဇ်ကိုသင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ ပြုအပ်သော ဝတ်ကို ပြုမည့်အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်း နှိုးဆော်ပေ၏။

**သင်တို့သည် လောကီ ပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သော အရာ၊ နှစ်သက်ဖွယ်သော အရာ၊ စုံလင်သောအရာ တည်းဟူသော ဘုရားသခင် အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သိနိုင်မည့် အကြောင်း စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့ ရောက်ကြလော့။**

သင်တို့သည် ကိုယ်ကို ထင်သင့်သည့်အတိုင်းထက် လွန်၍မထင်ပဲ၊ ဘုရားသခင်သည် လူအသီးသီးတို့အား ယုံကြည်ခြင်းကို ဝေပေးတော် မူသည်နှင့်အညီ ကိုယ်ကိုလျောက်ပတ်စွာ ထင်ရမည့်အကြောင်း၊ ငါသည် ကိုယ်ခံရသော ကျေးဇူးတော်ကို အမှီပြုလျက် သင်တို့တွင်ရှိသမျှသော သူတို့ကိုမှာထား၏။

**ဥပမာကား၊ ကိုယ်တခု၌ အင်္ဂါအများ ရှိသည်ဖြစ်၍၊ ထိုအင်္ဂါအများသည် ဆောင်ရွက်စရာ အမှုတခုတည်း မရှိသကဲ့သို့-**

ထို့အတူ အများဖြစ်သော ငါတို့သည် ခရစ်တော်၌ တကိုယ်တည်းဖြစ်၍၊ အသီးအသီး အင်္ဂါချင်း ဖြစ်ကြ၏။

**မေတ္တာစိတ်သည် လျှို့ဝှက်ခြင်းနှင့် ကင်းစေလော့။ ဆိုးညစ်သော အမှုကို စက်ဆုပ်ရွံရှာကြလော့။ ကောင်းမွန်သော အမှု၌ မှီဝဲဆည်းကပ် ကြလော့။**

ညီအစ်ကို ချစ်ခြင်းအရာမှာ ပကတိပေါက်ဖော်ကဲ့သို့ တယောက်ကိုတယောက် စုံမက်ကြလော့။ ချီးမွမ်းခြင်းအရာမှာ သူတပါးကို ကိုယ်ထက် ချီးမြှောက်ကြလော့။

**အားထုတ်ခြင်း အရာမှာ ပျင်းရိခြင်း မရှိပဲလျက် စိတ်တန်းသဖြင့် သခင်ဘုရား၏ အလိုတော်သို့လိုက်၍ အားထုတ်ကြလော့။**

မျှော်လင့်လျက် ဝမ်းမြောက်ကြလော့။ ဆင်းရဲဒုက္ခ ရောက်သောအခါ သည်းခံ ကြလော့။ ဆုတောင်း ပတ္ထနာပြုခြင်း အမှုကို အမြဲပြု ကြလော့။

**သန့်ရှင်း သူတို့သည် ဆင်းရဲသောအခါ ဝေငှပေးကမ်း ကြလော့။ အာဂန္တုတို့အား ဧည့်သည်ဝတ်ကိုကြိုးစား၍ ပြုကြလော့။**

သင်တို့ကို ညှဉ်းဆဲသော သူတို့အဖို့ မေတ္တာပို့ ကြလော့။ ကျိန်ဆဲခြင်းကို မပြု၊ မေတ္တာပို့ခြင်း ကိုသာ ပြုကြလော့။

**ဝမ်းမြောက်သော သူတို့နှင့်အတူ ဝမ်းမြောက်ခြင်းကို လည်းကောင်း၊ ငိုကြွေးသော သူတို့နှင့် အတူ ငိုကြွေးခြင်းကို လည်းကောင်း ပြုကြလော့။**

အချင်းချင်း စိတ်သဘော တညီတညွတ်တည်း ရှိကြလော့၊ ဂုဏ်စည်းစိမ်ကို ငဲ့ကွက်ခြင်း မရှိကြနှင့်။ နှိမ့်ချသော သူတို့ကို အပေါင်းအဖော် လုပ်ကြလော့။ ငါသည်ပညာရှိ၏ဟု ကိုယ်ကိုကိုယ် မထင်ကြနှင့်။

**အဘယ်သူကိုမျှ ရန်တုံ့မမူ ကြနှင့်။ လူအပေါင်းတို့ ရှေ့မှာ တင့်တယ်လျောက်ပတ်သော အကျင့်ကိုကြံစည် ကြလော့။**

သင်တို့သည် တတ်နိုင်သမျှအတိုင်း လူအပေါင်းတို့နှင့် အသင့်အတင့် နေကြလော့။

**အဆိုးအားဖြင့် အရှုံးမခံနှင့်။ အကောင်းအားဖြင့် အဆိုးကိုနိုင်လော့။**

ဢ

# ၃၄။ ယုံကြည်ခြင်း၏ပြည့်စုံခြင်း

ဟေဗြဲ ၁၁း၁-၃၊ ၃၂-၄၀၊ ၁၂း၁-၂

ယုံကြည်ခြင်းသည် မျှော်လင့်သော အရာတို့ကို မျက်မှောက်ပြုခြင်း ဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလမ်းခြင်း အကြောင်းဖြစ်၏။

**ထိုပါရမီကြောင့်၊ ရှေးလူဟောင်းတို့သည် ချီးမွမ်းတော် မူခြင်းကို ခံရကြ၏။**

ယခုမြင်ရသော အရာတို့သည်၊ အရင်ထင်ရှားသော အရာထဲကမဖြစ်ဘဲ လောကဓါတ်တို့သည် ဘုရားသခင်၏ အမိန့်တော်ကြောင့်သာ တည်သည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့် သိကြ၏။

**ထိုမှတပါး၊ အဘယ်သို့ ပြောစရာ ရှိသေးသနည်း။ ဂိဒေါင်၊ ဗာရက်၊ ရှံဆုံ၊ ယေဖသ၊ ဒါဝိဒ်၊ ရှမွေလ မှစ၍ ပရောဖက်တို့ အကြောင်းများကို ပြော၍မကုန်နိုင်။**

ထိုသူတို့သည် ယုံကြည်ခြင်းအားဖြင့် အခြားသော တိုင်းနိုင်ငံကို အောင်ခြင်း၊ တရားသဖြင့် စီရင်ခြင်း၊ ကတိတော်ကို ဝင်စားခြင်း၊ ခြင်္သေ့နှုတ်ကိုပိတ်ခြင်း။

**မီးအရှိန်ကို ငြိမ်းစေခြင်း၊ ဓားလက်နက် ဘေးနှင့် ကင်းလွတ်ခြင်း၊ အနာမှ ထမြောက်၍ ကျန်းမာခြင်း၊ စစ်တိုက်သောအခါ ခွန်အားနှင့် ပြည့်စုံခြင်း၊ တပါး အမျိုးသားတို့၏ တပ်များကို ဖျက်ဆီးခြင်း အမှုများကို ပြုကြ၏။**

မိန်းမတို့သည်လည်း၊ သေခြင်းမှထမြောက်သော မိမိတို့သားကို ရပြန်ကြ၏။ အချို့သော သူတို့သည်၊ သာ၍ မြတ်သော ထမြောက်ခြင်းသို့ ရောက်လို သောငှာ၊ လွှတ်ခြင်းကိုမခံယူဘဲ ပြင်းစွာသော ညှဉ်းဆဲခြင်းကို ခံကြ၏။

**အချို့သော သူတို့သည် ကဲ့ရဲ့ရိုက်ပုတ်ခြင်း၊ ခြည်နှောင်ခြင်းကိုခံ၍ ထောင်ထဲမှာ နေရသဖြင့်၊ စုံစမ်းခြင်းကို ခံရကြ၏။**

ကျောက်ခဲနှင့်ပစ်ခြင်း၊ လွှနှင့်အပိုင်းပိုင်း တိုက်ဖြတ်ခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်း၊ ဓားလက်နက်နှင့် ကွပ်မျက်ခြင်းကို ခံရကြ၏။ အလွန်ဆင်းရဲလျက် ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံလျက်၊ သိုးရေ၊ ဆိတ်ရေကိုဝတ်၍ လှည့်လည်ရကြ၏။

**ဤလောကသည် ထိုသူတို့နှင့် မထိုက်မတန်၊ သူတို့သည် တောကြိုတောင်ကြား၊ ဥမင်မြေတွင်းထဲမှာ အပြောင်းပြောင်း အလည်လည် နေရကြ၏။**

ထိုသူအပေါင်းတို့သည် ယုံကြည်ခြင်း အားဖြင့် ချီးမွမ်းခြင်းသို့ ရောက်သော်လည်း ကတိတော်အတိုင်း အကျိုးကျေးဇူးကို မခံရကြ။

**အဘယ်ကြောင့်နည်း ဟူမူကား၊ ထိုသူတို့သည် ငါတို့မပါဘဲ စုံလင်ခြင်းသို့ မရောက် ရမည့်အကြောင်း ဘုရားသခင်သည် ငါတို့အဖို့အလို့ငှာ သာ၍မြတ်သော ကျေးဇူးကို ကြံစည်တော်မူ၏။**

ထိုကြောင့်၊ ဤမျှလောက် များစွာသော သက်သေ အပေါင်းတို့သည် ငါတို့ကို ဝိုင်းရံလျက် ရှိကြသည်ဖြစ်၍၊ ငါတို့သည် ခပ်သိမ်းသော ဝန်တို့ကိုလည်းကောင်း၊ နှောင့်ယှက်တတ်သော ဒုစရိုက်ကိုလည်းကောင်း၊ ပယ်ရှား၍၊ ငါတို့မျက်မှောက်၌ ထားသော ပန်းတုံးတိုင်သို့ ရောက်ခြင်းငှာ၊ အားမလျော့ဘဲ ပြေးကြကုန်အံ့။

**ယုံကြည်ခြင်းကို အစအဦး စီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှု ကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ ထားသောဝမ်းမြောက်ခြင်း အကြောင်းကြောင့်၊ ရှက်ကြောက်သော အရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီးမှ၊ ဘုရားသခင်၏ ပလ္လင်တော် လက်ယာဘက်၌ ထိုင်နေတော်မူ၏။**

# ၃၉။ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်ထံသို့ ပို့သောလမ်းခရီးဖြစ်၏

၁ ယော ၄း၇-၁၆

ချစ်သူတို့၊ ငါတို့သည် အချင်းချင်း ချစ်ကြကုန်အံ့။ အကြောင်းမူကား၊ ချစ်ခြင်း မေတ္တာသည် ဘုရားသခင်နှင့် စပ်ဆိုင်၏။ ချစ်တတ်သောသူ မည်သည်ကား၊ ဘုရားသခင် ဖြစ်ပွားစေတော်မူသော သူဖြစ်၏။ ဘုရားသခင်ကို သိသော သူလည်း ဖြစ်၏။

**ချစ်ခြင်းမရှိသော သူသည် ဘုရားသခင်ကိုမသိ၊ အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။**

သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှာ၊ ဘုရားသခင်သည် တပါးတည်းသော သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသော အရာ၌၊ ငါတို့ကို ချစ်တော်မူသော မေတ္တာတော်သည် ထင်ရှားလျက်ရှိ၏။

**ငါတို့သည် ဘုရားသခင်ကို ချစ်ကြသည်ဟုမဆို။ ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့၏အပြစ် ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ၊ သားတော်ကို စေလွှတ်တော်မူသော အရာ၌ ချစ်ခြင်းမေတ္တာရှိ၏။**

ချစ်သူတို့၊ ဘုရားသခင်သည် ငါတို့ကို ဤမျှလောက် ချစ်တော်မူသည် မှန်လျှင်၊ ငါတို့သည်လည်း အချင်းချင်း ချစ်ရကြမည်။

**ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူး။ သို့သော်လည်း၊ အချင်းချင်းချစ်ကြလျှင်၊ ဘုရားသခင်သည် ငါတို့၌ တည်တော်မူ၍၊ ငါတို့သည် ချစ်ခြင်းမေတ္တာတော်နှင့် ပြည့်စုံလျက်ရှိကြ၏။**

ဘုရားသခင်သည် ဝိညာဉ်တော်၏ ကျေးဇူးကို ငါတို့အား ပေးတော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်၌ တည်သည်ကိုလည်းကောင်း၊ ဘုရားသခင်သည် ငါတို့၌ တည်တော် မူသည်ကို လည်းကောင်း သိရကြ၏။

**လောကီသားတို့ကို ကယ်တင်သော သခင် ဖြစ်စေခြင်းငှာ၊ ခမည်းတော်သည် သားတော်ကို စေလွှတ်တော်မူသည်ကို ငါတို့သည် သိမြင်၍ သက်သေခံကြ၏။**

ယေရှုသည် ဘုရားသခင်၏ သားတော် ဖြစ်တော်မူသည်ကို ဝန်ခံသောသူ မည်သည်ကား၊ ဘုရားသခင်၌တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏။

**ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူခြင်း မေတ္တာတော်ကို ငါတို့သည် သိ၍ ယုံကြည်ကြ၏။ ဘုရားသခင်သည် ချစ်ခြင်း မေတ္တာ ဖြစ်တော်မူ၏။ ချစ်ခြင်းမေတ္တာ၌ တည်သောသူသည် ဘုရားသခင်၌ တည်၏။ ဘုရားသခင် သည်လည်း ထိုသူ၌ တည်တော်မူ၏။**

ஃ

# ၄၂။ သခင်ဘုရား၌စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ခြင်း

သု ၃း၅-၁၂၊ ၂၃-၂၆

ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်။

**သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင်၊ သင်၏ လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။**

ငါသည် ပညာရှိ၏ဟု ကိုယ်ကိုမထင်နှင့်။ ထာဝရ ဘုရားကို ကြောက်ရွံ့၍ ဒုစရိုက်ကိုရှောင်လော့။

**သို့ပြုလျှင်၊ သင်၏ အကြောတို့သည် အားသန်၍ အရိုးတို့သည် ခြင်ဆီနှင့်ပြည့်စုံ ကြလိမ့်မည်။**

သင်သည် ကိုယ်ဥစ္စာနှင့် အဦးသီးသော အသီးအနှံ ရှိသမျှကို ထာဝရဘုရားအား ပူဇော်လော့။

**သို့ပြုလျှင်၊ သင်၏ စပါးကျီတို့သည် ကြွယ်ဝ၍ စပျစ်သီးနယ်ရာ တန်ဆာတို့ကို အသစ်သော စပျစ်ရည်လျှံလိမ့်မည်။**

ငါ့သား၊ ထာဝရဘုရား ဆုံးမတော်မူခြင်းကို မမှတ်ဘဲ မနေနှင့်။ သင်၏အပြစ်ကို စစ်ဆေးတော်မူသောအခါ စိတ်မပျက်စေနှင့်။

**ထာဝရဘုရားသည် ချစ်တော်မူသော သူကို ဆုံးမတော် မူတတ်၏။ နှစ်သက်တော်မူသော သားကို ဒဏ်ခတ်တော်မူတတ်၏။**

သင်သည် ခရီးသွားရာ၌ ဘေးမရှိ။ ခြေမတိုက်မိဘဲ သွားလိမ့်မည်။

**အိပ်သောအခါ ကြောက်စရာမရှိရ။ ကောင်းမွန်စွာ အိပ်ပျော်ရလိမ့်မည်။**

လျင်မြန်သော ဘေးနှင့်လူဆိုးတွေ့တတ်သော ပျက်စီးရာဘေးကို ကြောက်စရာမရှိရ။

အကြောင်းမူကား၊ ထာဝရဘုရားသည် သင်ယုံကြည် ကိုးစားရာဖြစ်၍ သင်၏ ခြေကို မကျော့မိစေခြင်းငှာ စောင့်မတော်မူလိမ့်မည်။

# ၄၃း ထာဝရဘုရားကို မျှော်လင့်လျက်နေလော့

ဆာ ၂၇း၁၊ ၄-၁၀၊ ၁၄

ထာဝရဘုရားသည် ငါ၏အလင်း၊ ငါ့ကိုကယ်တင်သော အရှင်ဖြစ်တော်မူ၏။ ငါသည် အဘယ်သူကို ကြောက်ရအံ့နည်း။ ထာဝရဘုရားသည် ငါ၏အသက် ခိုလှုံရာ ဖြစ်တော်မူ၏။ ငါသည်အဘယ်သူကို ကြောက်လန့်ရအံ့နည်း။

**ထာဝရဘုရား၏ တင့်တယ်ခြင်း အသရေတော်ကို ဖူးမြင်၍ ဗိမာန်တော်၌ မွေ့လျော်ခြင်း အလို့ငှာ ထာဝရဘုရား၏အိမ်တော်မှာ တသက်လုံး နေရမည်အကြောင်း တည်းဟူသော အခွင့်တခုကို ထာဝရဘုရား၌ ငါဆုတောင်းပြီ။ ထိုအခွင့်ကို ရှာရဦးမည်။**

အကြောင်းမူကား၊ ဘေးအန္တရယ် ရောက်သည်ကာလ၊ တဲတော်တွင် ငါ့ကို ကွယ်ကာတော် မူမည်။ ဗိမာန်တော် အတွင်းအရပ်၌ ငါ့ကိုဝှက်ထားတော်မူမည်။ ကျောက်ပေါ်မှာလည်း ငါ့ကို တင်ထားတော်မူမည်။

**ယခုပင် ငါ့ပတ်လည်၌ရှိသော ရန်သူတို့၏ အပေါ်သို့ ငါ၏ ဦးခေါင်းကို ချီးမြှောက်တော်မူ၏။ ထို့ကြောင့် ဗိမာန်တော်မှာ တံပိုးမှုတ်ခြင်းနှင့်တကွ ယဇ်ပူဇော်ပါမည်။ သီချင်းဆိုပါမည်။ ထာဝရဘုရားကို ထောမနာ သီချင်းဆိုပါမည်။**

အိုထာဝရဘုရား၊ အကျွန်ုပ် ဟော်ဟစ်သော အသံကို နားထောင်တော်မူပါ။ အကျွန်ုပ်ကိုသနား၍ ထူးတော်မူပါ။

**ငါ၏မျက်နှာကို ရှာကြလော့ ဟူသော အမိန့်တော်ကို ရှေ့တော်၌ အကျွန်ုပ်သည် သတိပြုလျက်၊ အိုထာဝရဘုရား၊ ကိုယ်တော်၏ မျက်နှာကိုရှာပါမည်။**

အကျွန်ုပ်ကို မျက်နှာလွှဲတော် မမူပါနှင့်။ အမျက်ထွက်၍ ကိုယ်တော်၏ ကျွန်ကို ပယ်တော်မမူပါနှင့်။ အကျွန်ုပ်ကို ကယ်တင်တော်မူသော ဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို စမတော်မူဘူးသည်ဖြစ်၍ ကျွန်ုပ်ကို စွန့်ပစ်တော်မမူပါနှင့်။

**ကိုယ်မိဘတို့သည် အကျွန်ုပ်ကို စွန့်သော်လည်း ထာဝရဘုရားသည် အကျွန်ုပ်ကို ချီယူတော်မူမည်။**

ထာဝရဘုရားကို မြော်လင့်လော့။ အားယူ၍ ရဲရင့်သော စိတ်နှလုံးရှိလော့။
ထာဝရဘုရားကို မြော်လင့်လျက် နေလော့။

ဿ

# ၄၅း ထာဝရဘုရား၏အိမ်တော်

ဆာ ၈၄း၁-၁၂

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား။ ကိုယ်တော် ကိန်းဝပ်တော်မူရာ အရပ်ဌာနတို့သည် အလွန် နှစ်သက်ဖွယ် ဖြစ်သည်တကား၊

**ထာဝရဘုရား၏ တံတိုင်းတော်တို့ကို အကျွန်ုပ်၏ ဝိညာဉ်သည် တသ၍ အားလျော့လျက် ရှိပါ၏။ အကျွန်ုပ် နှလုံးနှင့်ကိုယ်ခန္ဓာသည် အသက်ရှင်တော်မူသော ဘုရားသခင်ကို အလိုရှိ၍ ကြွေးကြော်ပါ၏။**

ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား။ အကျွန်ုပ်၏ ရှင်ဘုရင်၊ ကျွန်ုပ်၏ ဘုရားသခင်၊ အကယ်စင်စစ် ယဇ်ပလ္လင်တော်တို့ အနားမှာ စာငှက်သည် နေရာအရပ်ကို လည်းကောင်း၊ ဇရက်သည်လည်း သားငယ်မွေးစရာ အသိုက်ကိုလည်းကောင်း တွေ့ရပါ၏။

**အိမ်တော်၌နေသော သူတို့သည် မင်္ဂလာရှိပါ၏။ ကိုယ်တော်ကို အစဉ်ချီးမွမ်း ကြပါလိမ့်မည်။**

ကိုယ်တော်ကို အားပြုသောသူသည် မင်္ဂလာရှိပါ၏။ ထိုသို့သောသူတို့သည် လမ်းခရီးတော်တို့ကို နှလုံးသွင်းတတ် ကြပါ၏။

**သူတို့သည် ဗာကာလွင်ပြင်၌ လျှောက်သွားစဉ်၊ ထိုလွင်ပြင်ကို စမ်းရေထွက်ရာအရပ် ဖြစ်စေကြပါ၏။ အရင် မိုးရေလည်း မင်္ဂလာများနှင့် လွှမ်းစေပါ၏။**

သူတို့သည် အားတိုး တက်၍ ခရီးသွားလျက်၊ ဇိအုန်မြို့မှာ ဘုရားသခင် ထံတော်၌ မျက်နှာပြ ကြပါ၏။

**ကောင်းကင်ဗိုလ်ခြေ အရှင်ဘုရားသခင် ထာဝရဘုရား၊ အကျွန်ုပ်၏ ပဋ္ဌနာစကားကို မှတ်တော်မူပါ။ ယာကုပ် အမျိုး၏ ဘုရားသခင်၊ နားထောင်တော်မူပါ။**

အကျွန်ုပ်တို့ကို ကွယ်ကာတော် မူသောဘုရား၊ ကြည့်ရှုတော်မူပါ။ အထံတော်၌ ဘိသိက်ခံသောသူ၏ မျက်နှာကို ထောက်ရှုတော်မူပါ။

**တံတိုင်းတော်တို့ အတွင်း၌နေသော တရက်သည် အခြားအရပ်၌နေသော အရက်တထောင်ထက် သာ၍ ကောင်းပါ၏။ မတရားသော သူ၏နေရာ၌ နေရသော အခွင့်ထက်၊ အကျွန်ုပ်၏ ဘုရားသခင် အိမ်တော်၌ တံခါးစောင့်အရာကို အကျွန်ုပ်သာ၍ နှစ်သက်ပါ၏။**

ထာဝရ အရှင်ဘုရားသခင်သည် နေလည်း ဖြစ်တော်မူ၏။ အကွယ်အကာလည်း ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ကျေးဇူးတော်နှင့် ဘုန်းအသရေကို ပေးတော်မူ၏။ ဖြောင့်မတ်စွာ ကျင့်သောသူတို့အား ကောင်းသော အရာကို ငြင်းတော်မမူ။

**ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၊ ကိုယ်တော်၌ ခိုလှုံသော သူသည် မင်္ဂလာရှိပါ၏။**

# ၄၆။ သီလနှင့်ပြည့်စုံသောမိန်းမ

သု ၃၁:၁၀-၃၁

သီလနှင့်ပြည့်စုံသော မိန်းမတို့ကို အဘယ်သူ တွေ့ရသနည်း။ ထိုသို့သော မိန်းမသည် ပတ္တမြားထက် အဖိုးသာ၍ ထိုက်ပေ၏။

**သူ၏ခင်ပွန်းသည် သူ့ကိုယုံ၍၊ ဆင်းရဲခြင်းနှင့် ကင်းလွတ်လိမ့်မည်။**

ထိုမယားသည် မိမိခင်ပွန်း အကျိုးကိုမဖျက်၊ တသက်လုံးပြုစုတတ်၏။

**သိုးမွေးနှင့်ဝါကိုရှာ၍ မိမိလက်နှင့် အလိုအလျောက် လုပ်တတ်၏။**

ကုန်သည်သင်္ဘောကဲ့သို့ ဖြစ်၍၊ စားစရာကို ဝေးသော အရပ်မှ ဆောင်ခဲ့တတ်၏။

**မိုးမလင်းမီထလျက်၊ အိမ်သူအိမ်သားတို့အား စားစရာကို လည်းကောင်း၊ ကျွန်မတို့အား အငန်းအတာကို လည်းကောင်း ပေးဝေတတ်၏။**

ကောင်းမွန်စွာဆင်ခြင်၍ လယ်ကွက်ကို ဝယ်ယူတတ်၏။ ကိုယ်တိုင်လုပ်၍ ရသောငွေနှင့် စပျစ်ဥယျာဉ်ကို ပြုစုတတ်၏။

**မိမိခါးကို ခွန်အားနှင့်စည်း၍ မိမိလက်တို့ကို သန်မြန်စေတတ်၏။**

မိမိလုပ်သောဥစ္စာ ကောင်းသည်ကိုရိပ်မိ၍၊ သူ၏ မီးခွက်သည် တညလုံးမသေတတ်။

**ချည်ဖြစ်စေတတ်သော တန်ဆာတို့ကို ကိုယ်လက်နှင့် ကိုင်၍ လုပ်ဆောင်တတ်၏။**

ဆင်းရဲသော သူတို့အား လက်ကိုဖြန့်၍ ငတ်မွတ်သော သူတို့အား လက်ရုန်းကို ဆန့်တတ်၏။

**မိုးပွင့်ကျသော်လည်း၊ မိမိအိမ်သူအိမ်သား တို့အတွက် မစိုးရိမ်။ အိမ်သူအိမ်သား အပေါင်းတို့သည် ကတ္တီပါနီကို ဝတ်ရကြ၏။**

ကိုယ့်အဖို့ စောင်တို့ကိုရက်၍၊ ပိတ်ချောနှင့်မောင်းသော အထည်ကို ဝတ်တတ်၏။

**သူ၏ ခင်ပွန်းသည်လည်း မြို့တံခါးတို့၌ ပြည်သား အသက်ကြီးသူတို့နှင့် ထိုင်၍၊ ထင်ရှားသောသူ ဖြစ်ရ၏။**

ချောသော အထည်အလိပ်ကို ရက်၍ရောင်းတတ်၏။ ခါးစည်းတို့ကိုလည်း ကုန်သည်၌ချတတ်၏။

**သူလုပ်သော အထည်အလိပ်သည် ခိုင်ခံ့၍၊ လှသော အဆင်းနှင့် ပြည့်စုံသဖြင့်၊ သူသည် နောင်ကာလ၌ ဝမ်းမြောက်လိမ့်မည်။**

ပညာစကားကို ပြောတတ်၍၊ မေတ္တာတရားအားဖြင့် နှုတ်မြွက်တတ်၏။

**အိမ်သူအိမ်သား ပြုမူသမျှတို့ကို ကြည့်ရှုတတ်၏။ ပျင်းရိခြင်း အစာကို မစားတတ်။**

သူ၏ သားသမီးတို့သည် ထ၍၊ အမိကို ကောင်းချီးပေး တတ်ကြ၏။

**သူ၏ခင်ပွန်းကလည်း၊ လူမျိုး သမီးအများတို့သည် ကောင်းမွန်စွာ ပြုကြပြီ၊ သို့ရာတွင်၊ သင်သည် ထိုသူအပေါင်းတို့ကို လွန်ကဲပြီဟု သူ့ကိုချီးမွမ်းတတ်၏။**

ယဉ်ကျေးသော အရာသည် လှည့်စားခြင်းနှင့် ယှဉ်တတ်၏၊ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သော မိန်းမမူကား ချီးမွမ်းခြင်းကို ခံရလိမ့်မည်။

ထိုသို့သော မိန်းမကျင့်ရာ အကျိုးကိုပေးလော့။ သူပြုသော အမှုသည် မြို့တံခါးတို့၌ သူ၏ အသရေကို ထင်ရှားစေသတည်း။

၈၀

# ၄၈း ခရစ်ယာန်တို့၏လက်နက်စုံ

ဧ ၆း၁၀-၁၈၊ ရော ၁၃း၁၂-၁၄

ညီအစ်ကိုတို့၊ သခင်ဘုရားအားဖြင့် လည်းကောင်း၊ တန်ခိုးတော် အရှိန်အားဖြင့် လည်းကောင်း၊ ခိုင်ခန့်ခြင်း ရှိကြလော့။

**မာရ်နတ်၏ ပရိယာယ်တို့ကို ဆီးတားနိုင်မည် အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆောင်ကြလော့။**

အကြောင်းမူကား၊ ငါတို့သည် အသွေးအသားရှိသော ရန်သူတို့နှင့် ဆိုင်ပြိုင်တိုက်လှန် ရကြသည်မဟုတ်။ အထွဋ်အမြတ်တို့နှင့် လည်းကောင်း၊ အာဏာစက်တို့နှင့် လည်းကောင်း၊ လောကီ မှောင်မိုက်၌ အစိုးတရပြုသော မင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်လည်းကောင်း၊ ဆိုင်ပြိုင်တိုက်လှန် ရကြ၏။

**ထိုကြောင့်၊ ခဲယဉ်း ဆိုးယုတ်သော နေ့ရက်ကာလ၌ ဆီးတားနိုင်သဖြင့်၊ ကိစ္စအလုံးစုံတို့ကို ပြီးစီး၍ ခံရပ်နိုင်မည်အကြောင်း၊ ဘုရားသခင် ပြင်ဆင်တော်မူသော လက်နက်စုံကို ယူဆောင်ကြလော့။**

သစ္စာတရားဟူသော ခါးပန်းကိုစည်းလျက်၊ ဖြောင့်မတ်ခြင်း ပါရမီတည်းဟူသော ရင်အုပ်တန်ဆာကို ဝတ်ဆင်လျက်၊

**ငြိမ်သက်ခြင်းနှင့် ယှဉ်သော ဧဝံဂေလိ တရားကို ဟောပြောအံ့သောငှာ ပြင်ဆင်သော အဖြစ်တည်းဟူသော ခြေစွပ်ကိုစွပ်လျက် ခံရပ်ကြလော့။**

မာရ်နတ်ပစ်ခတ်သော မီးစက်လက်နက်ကို ကာသတ်နိုင်သော ယုံကြည်ခြင်း တည်းဟူသော လွှားကိုလည်း ခပ်သိမ်းသော လက်နက်တို့ အပေါ်မှာ ထပ်ဆင့်၍ ယူဆောင်ကြလော့။

**ကယ်တင်ခြင်း တည်းဟူသော သံခမောက်လုံးကိုလည်းကောင်း၊ ဘုရားသခင်၏ နှုတ်ကပတ် တည်းဟူသော ဝိညာဉ်တော်၏ ဓားကိုလည်းကောင်း ယူကြလော့။**

ကာလအစဉ် စိတ်နှလုံးပါလျက် ဆုတောင်း ပဌနာပြုခြင်း အမျိုးမျိုးတို့ဖြင့် ဆုတောင်းကြလော့။ ထိုဆုတောင်းခြင်း၌ အားမလျော့ဘဲလျက်၊ ငါမှစ၍ သန့်ရှင်းသူ အပေါင်းတို့အဖို့ ဆုတောင်းလျက် စောင့်ရှောက်ကြလော့။

**မှောင်မိုက်၏ အကျင့်ကို ပယ်ရှား၍၊ အလင်း၏ လက်နက်စုံကို ဝတ်ဆင် ဆောင်ရွက် ကြကုန်အံ့။**

ပွဲလုပ်ခြင်း၊ ယဇ်မျိုး သောက်ကြူးခြင်း၊ မတရားသော မေထုန်၌မှီဝဲခြင်း၊ ကိလေသာ ညစ်ညူးခြင်း၊ ရန်တွေ့ခြင်း၊ ငြူစူခြင်း အမှုတို့ကို ကြဉ်ရှောင်၍၊ နေ့အချိန်၌ကဲ့သို့ တင့်တယ်လျောက်ပတ်စွာ ကျင့်ဆောင်ပြုမူ ကြကုန်အံ့။

**သခင်ယေရှုခရစ်ကို ယူတင်ဝတ်ဆောင် ကြလော့။ ကိုယ်ကာယ၏ တပ်မက်ခြင်းအလို့ငှာ မကြံစည်ကြနှင့်။**

ဿ

# ၅၂။ ပညတ်တော်များ

ထွ ၂ဝ း၁-၁၇၊ မာ ၁၂း၂၈-၃ဝ၊ ယော ၁၃း၃၃-၃၅

ဘုရားသခင် မိန့်တော်မူသော စကားဟူမူကား၊ ငါမှတပါး အခြားသော ဘုရားကို မကိုးကွယ်နှင့်။ ရုပ်တုဆင်းတုကို ကိုယ်အဖို့ မလုပ်နှင့်၊ ဦးမချဝတ်မပြုနှင့်။

**သင်၏ဘုရားသခင် ထာဝရဘုရား၏ နာမတော်ကို၊ မုသားနှင့်ဆိုင်၍ မမြွက်ဆိုနှင့်။ ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကို အောက်မေ့လော့။**

သင်၏မိဘကို ရိုသေစွာပြုလော့။ လူ့အသက်ကို မသတ်နှင့်။ သူ့မယားကို မပြစ်မှားနှင့်။ သူ့ဥစ္စာကိုမခိုးနှင့်။

**ကိုယ်နှင့်စပ်ဆိုင်သော သူတဘက်၌ မမှန်သော သက်သေကို မခံနှင့်။ ကိုယ်နှင့်စပ်ဆိုင်သော သူ၏ဥစ္စာ တစုံတခုကိုမျှ တပ်မက်လိုချင်သော စိတ်မရှိစေနှင့်။**

ကျမ်းပြုဆရာ တယောက်သည် အထံတော်သို့ ချဉ်းကပ်၍ ပညတ်တကာ တို့တွင် အဘယ်မည်သော ပညတ်သည်သာ၍ မြတ်သနည်းဟု မေးလျှောက်သော် ယေရှုက-

**ပညတ်တကာတို့တွင် အမြတ်ဆုံးသော ပညတ်ဟူမူကား အိုဣသရေလအမျိုး နားထောင်လော့၊ ငါတို့၏ ဘုရားသခင်၊ ထာဝရဘုရားသည် တဆူတည်းသော ဘုရားဖြစ်တော်မူ၏။**

သင်၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ဉာဏ်ရှိသမျှ၊ အစွမ်းသတ္တိ ရှိသမျှနှင့်ချစ်လော့။ ဤပညတ်သည် ပဌမပညတ်ဖြစ်၏။

**ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့် သဘောတူ၏။ ဤပညတ်တို့ထက် သာ၍ကြီးမြတ်သော ပညတ်မရှိဟု ပြန်၍မိန့်တော်မူ၏။**

ချစ်သားတို့ သင်တို့သည် အချင်းချင်း တယောက်ကို တယောက်ချစ်ကြလော့။ ငါသည် သင်တို့ကို ချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့ဟု ပညတ်သစ်ကိုငါပေး၏။

**သင်တို့သည် အချင်းချင်းချစ်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့် ဖြစ်သည်ကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။**

* * * This page is intentionally left blank * * *